# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
# နေပြည်တော်

နှေ့သစ်အာရှသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ လုပ်ကွက်အမှတ်(၃)တွင်
ခဲသတ္တုတူးဖော်ခြင်းလုပ်ငန်းအတွက် တင်ပြလာသည့်
ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာ၏

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်
## (Environmental Compliance Certificate-ECC)

ရက်စွဲ။ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်
## (Environmental Compliance Certificate- ECC)

သက်သေခံလက်မှတ်အမှတ်။ ECC ( ၄၁၄ ) ရက်စွဲ။ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉/၂၀၁၂) နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ဆိုင်ရာလုပ်ထုံးလုပ်နည်း (အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅) တို့အရ နောက်ဆက်တွဲ(က)တွင် ဖော်ပြထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ(ခ)ပါ စည်းကမ်းချက်များကို လိုက်နာ ဆောင်ရွက်စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံ လက်မှတ် (Environmental Compliance Certificate - ECC) ကို ထုတ်ပေးလိုက်သည်-

| | | | |
|---|---|---|---|
| (က) | **စီမံကိန်းအဆိုပြုသူ** | - | ဦးအောင်မြင့်<br>အုပ်ချုပ်မှု ဒါရိုက်တာ<br>နွေသစ်အာရှသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက် |
| (ခ) | **ဆက်သွယ်ရန်လိပ်စာ** | - | အမှတ် (၃) ၊ စကာဝါလမ်း၊ ဒဂုံမြို့နယ်၊<br>ရန်ကုန်တိုင်းဒေသကြီး<br>ဖုန်း - ၀၁-၇၀၅၃၁၂ |
| (ဂ) | **စီမံကိန်းအမျိုးအစား** | - | ခဲသတ္တုတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း |
| (ဃ) | **စီမံကိန်းကာလ** | - | အခွင့်အမိန့်ရအဖွဲ့အစည်းက ခွင့်ပြုသည့်ကာလ |
| (င) | **စီမံကိန်း၏ အရွယ်အစား** | - | စီမံကိန်းမြေ ဧရိယာ (၄၉.၅) ဧက |
| (စ) | **စီမံကိန်းတည်နေရာ** | - | ရှမ်းပြည်နယ်၊ ကျောက်မဲခရိုင်၊ မန်တုံမြို့နယ်၊<br>နမ့်နတ်ကျေးရွာအုပ်စု |
| (ဆ) | **ECC သက်တမ်း** | - | (၅) နှစ်<br>စတင်ထုတ်ပေးရက် - ၂၁-၇-၂၀၂၂<br>သက်တမ်းကုန်ဆုံးရက် - ၂၀-၇-၂၀၂၇ |

(ဈ) **အတည်ပြုအစီရင်ခံစာ** - အမှတ် (၁) သတ္တုတွင်းလုပ်ငန်းမှတစ်ဆင့် တင်ပြထားသည့် ၂၄-၁-၂၀၂၂ ရက်စွဲပါ စာအမှတ်၊ ၇၁၄/၅၄၅/ နေ့သစ်အာရှ/ စီမံကိန်း (၁၆)/၂၀၂၂

**စည်းကမ်းချက်များသတ်မှတ်ခြင်း**

၂။ အောက်ဖော်ပြပါ ရည်ရွယ်ချက်များရရှိနိုင်ရေးအတွက် ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန် သတ်မှတ်ထားခြင်းဖြစ်ပါသည်-

(က) ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံးဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ခ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များနှင့် လိုက်နာထမ်းဆောင်ရမည့်တာဝန်များကို သတ်မှတ်ရန်၊

(ဂ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေးဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(ဃ) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(င) စီမံကိန်းတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအမံတစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်။

(လှမောင်သိန်း)
အမြဲတမ်းအတွင်းဝန်
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

နောက်ဆက်တွဲ (က)

## ရှမ်းပြည်နယ်၊ ကျောက်မဲခရိုင်၊ မန်တုံမြို့နယ်၊နမ့်နတ်ကျေးရွာအုပ်စုရှိ နေ့သစ်အာရှသတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်မှ လုပ်ကွက် (၃) တွင် ခဲသတ္တုတူးဖော်ခြင်းလုပ်ငန်း၏ စီမံကိန်းအကြောင်းအရာ

၁။ နေ့သစ်အာရှသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်က ရှမ်းပြည်နယ်၊ ကျောက်မဲခရိုင်၊ မန်တုံမြို့နယ်၊ နမ့်နတ်ကျေးရွာအုပ်စုရှိ မြေဧရိယာ (၄၉.၅) ဧက ကျယ်ဝန်းသော လုပ်ကွက် အမှတ်(၃)တွင် ခဲသတ္တုတူးဖော်ခြင်းလုပ်ငန်း စီမံကိန်းအတွက် အမှတ်(၁)သတ္တုတွင်းလုပ်ငန်း၏ ၂၄-၃-၂၀၂၂ ရက်စွဲပါ စာအမှတ်၊ ၇၁၄/၅၄၅/နေ့သစ်အာရှ/စီမံကိန်း(၁၆)/၂၀၂၂ ဖြင့် တင်ပြခဲ့သည့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (Initial Environmental Examination – IEE) ကို ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ထုတ်ပေးခြင်းဖြစ်ပါသည်။

၂။ **စီမံကိန်းအဆိုပြုသူ။** ဦးအောင်မြင့်၊ အုပ်ချုပ်မှုဒါရိုက်တာ၊ အမှတ်(၃)၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း ၀၁-၇၀၅၃၁၂၊ နေ့သစ်အာရှသတ္တုတူးဖော်ရေးကုမ္ပဏီ လီမိတက် ဖြစ်ပါသည်။


၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** အဆိုပြုစီမံကိန်းသည် မြေဧရိယာ (၄၉.၅) ဧက ကျယ်ဝန်း၍တစ်နှစ်လျှင် (၁၃၅၂) မက်ထရစ်တန်ခန့်တူးဖော်မည်ဖြစ်ပြီး (Open Pit Mining Method) ဟင်းလင်းဖွင့် နည်းစနစ်အသုံးပြု၍ လုပ်ကွက် အဆင့်အလိုက် တစ်ဆင့်ပြီးတစ်ဆင့် နိမ့်ဆင်း တူးဖော်ခြင်း၊ ခဲသတ္တု ကြော၏ Hanging Wall ဘက် တွင် Working Bank အား (၁၀၀) ပေထား၍ ကမ်းပါးအမြင့်အား (၃၀) ပေ ထားရှိပြီး Safety Bank အလယ် (၂၀) ပေနှင့် Slope Angle အား (၇၀) ဒီဂရီထားရှိခြင်း၊ Foot Wall ဘက်တွင် Safety Bank အကျယ် (၁၀) ပေနှင့် ကျောက်သားနံရံခိုင်ခန့်မှုရှိသဖြင့် Slope Angel (၆၅) ဒီဂရီထားရှိခြင်းနှင့် မြေအောက်သတ္တု တူးဖော်နည်းစနစ် (Underground Mining Method) ကို ဟင်းလင်းဖွင့်သတ္တုတူးဖော် နည်းစနစ်ဖြင့် တူးဖော်ထုတ်လုပ်စဉ် ကျန်ရှိနေသည့် စိုက်ဝင်ခဲသတ္တုကြောများကို တူးဖော်ထုတ်လုပ်ရာတွင် ဆောင်ရွက်မည်ဖြစ်ပြီး ဝန်ထမ်းအင်အား (၁၆) ဦးဖြင့် တစ်ရက်လျှင် အလုပ်လုပ်ချိန် (၈) နာရီဖြင့် ဆောင်ရွက်မည်ဖြစ်ပါသည်။

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** အဆိုပြုစီမံကိန်းသည် ယမ်းအသုံးပြုမည်ဖြစ်၍ တစ်နှစ် လျှင် အသုံးပြုပမာဏ (၅)တန်ခန့်၊ တစ်နှစ်လျှင် စက်ဆီ၊ ချောဆီ (၅၀)ဂါလန်ခန့်၊ တစ်နှစ်လျှင် အထွေထွေလုပ်ငန်းသုံး ရေပမာဏ (၅၀၀,၀၀၀) ဂါလန်ခန့်ကို အသုံးပြုမည်ဖြစ်သည်။

၅။ **စီမံကိန်းတည်နေရာ။** ရှမ်းပြည်နယ်၊ ကျောက်မဲခရိုင်၊ မန်တုံမြို့နယ်၊ နမ့်နတ်ကျေးရွာအုပ်စုရှိ လုပ်ကွက်အမှတ် (၃) မြေပုံအမှတ် 93-E/7,11 (A-372125, B-375125, C-380130, D-367130)တည်ရှိပါသည်။

# နေ့သစ်အာရှ သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ ရှမ်းပြည်နယ်၊ ကျောက်မဲခရိုင်၊ မန်တုံမြို့နယ်၊ နမ့်နတ်ကျေးရွာအုပ်စုတွင် ခဲသတ္တု၊ အသေးစား ထုတ်လုပ်မှုမှ အလတ်စားထုတ်လုပ်မှုသို့ ကူးပြောင်းဆောင်ရွက်မည့် လုပ်ကွက်(၃)၏ တည်နေရာပြမြေပုံ

Map Sheet : 93 E/7 + E/11




လုပ်ကွက်ဧရိယာ - (၄၉.၅၀)ဧက

| | Coordinate | Latitude | Longitude |
|---|---|---|---|
| A | 372 125 | 23° 25' 33.2558" N | 97° 29' 51.1315" E |
| B | 375 125 | 23° 25' 32.7443" N | 97° 30' 00.7822" E |
| C | 380 130 | 23° 25' 46.7332" N | 97° 30' 17.7911" E |
| D | 376 130 | 23° 25' 47.4155" N | 97° 30' 04.9232" E |

နောက်ဆက်တွဲ (ခ)

## ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များ နှင့် အထွေထွေစည်းကမ်းများ

### ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာအရ လိုက်နာဆောင်ရွက်ရမည့်ကတိကဝတ်များ

၆။ စီမံကိန်းအဆိုပြုသူက အမှတ်(၁)သတ္တုတွင်းလုပ်ငန်းမှတစ်ဆင့် ၂၄-၁-၂၀၂၂ ရက်စွဲပါ စာအမှတ်၊ ၇၁၄/၅၄၅/နေ့သစ်အာရှ/စီမံကိန်း(၁၆)/၂၀၂၂ ဖြင့် တင်ပြထားသည့် ကနဦးပတ်ဝန်းကျင် ဆန်းစစ်ခြင်းအစီရင်ခံစာတွင် ဖော်ပြထားသည့် အောက်ပါ ကတိကဝတ်များကို လိုက်နာဆောင်ရွက် ရမည်-

(က) **မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေများ၊ ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့် စီမံကိန်းနှင့်သက်ဆိုင်သည့် အခြားမူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများကို လိုက်နာဆောင်ရွက်ရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်လုပ်ငန်းစဉ်။** အဆိုပြုစီမံကိန်းသည် မြေဧရိယာ (၄၉.၅) ဧက ကျယ်ဝန်း၍တစ်နှစ်လျှင် (၁၃၅၂) မက်ထရစ်တန်ခန့်တူးဖော်မည်ဖြစ်ပြီး (Open Pit Mining Method) ဟင်းလင်းဖွင့် နည်းစနစ်အသုံးပြု၍ လုပ်ကွက် အဆင့်အလိုက် တစ်ဆင့်ပြီးတစ်ဆင့် နိမ့်ဆင်း တူးဖော်ခြင်း၊ ခဲသတ္တု ကြော၏ Hanging Wall ဘက် တွင် Working Bank အား (၁၀၀) ပေထား၍ ကမ်းပါး အမြင့်အား (၃၀) ပေ ထားရှိပြီး Safety Bank အလယ် (၂၀) ပေနှင့် Slope Angle အား (၇၀) ဒီဂရီထားရှိခြင်း၊ Foot Wall ဘက်တွင် Safety Bank အကျယ် (၁၀) ပေနှင့် ကျောက်သားနံရံခိုင်ခန့်မှုရှိသဖြင့် Slope Angel (၆၅) ဒီဂရီထားရှိခြင်းနှင့် မြေအောက်သတ္တု တူးဖော်နည်းစနစ် (Underground Mining Method) ကို ဟင်းလင်းဖွင့်သတ္တုတူးဖော် နည်းစနစ်ဖြင့် တူးဖော်ထုတ်လုပ်စဉ် ကျန်ရှိနေသည့် စိုက်ဝင်ခဲသတ္တုကြောများကို တူးဖော်ထုတ်လုပ်ရာတွင် ဆောင်ရွက်မည်ဖြစ်သည်။

(ဂ) **လေထုအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်းလိုက်နာဆောင်ရွက်ရမည်-

(၁) ခဲသတ္တုသယ်ယူရာ မြေသားကားလမ်းများအား အနည်စစ်ကန်မှရယူ၍ မော်တော်ယာဉ်နှင့် စက်ယန္တရားများ ဖြတ်သန်းသွားလာမည့်ရက်တွင် ရေဖြန်းပေးရန်၊

(၂) မြေသားလမ်းများ၌ မော်တော်ယာဉ်များကို(၂၀)ကီလိုမီတာအောက်တွင် အရှိန်လျှော့မောင်းနှင်ခြင်းတို့နှင့်ဖုံးအုပ်သယ်ယူခြင်းတို့ဖြင့် ထိန်းသိမ်းရန်၊

(၃) စီမံကိန်းဧရိယာအတွင်းမှ ခဲသတ္တုကားများ ထွက်ရှိရာတွင် ကား၏ ကိုယ်ထည်နှင့် ကားဘီးများအား ရေဖြင့်ဆေးကြောပြီးမှ ထွက်ရှိစေခြင်း၊ လုံခြုံစွာဖုံးအုပ်၍ သယ်ယူစေခြင်းတို့ကို ဆောင်ရွက်ရန်၊

(၄) ခဲသတ္တုသယ်ယူရာလမ်းကြောင်းတွင် လေထုနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုအား ကာကွယ်ထိန်းသိမ်းရန်၊

(၅) လေအရည်အသွေးနှင့်ပက်သက်၍ စီမံခန့်ခွဲခြင်းလုပ်ငန်းစဉ်အတွက် အလုပ်သမား လစာပေးခြင်း၊ စက်ကိရိယာများ ဝယ်ယူခြင်း၊ ရေဖြန်းခြင်း နှင့်လမ်းဘေးတွင်သစ်ပင်စိုက်ပျိုးခြင်းတို့အတွက် တစ်နှစ်လျှင် ငွေကျပ်(၄) သိန်းခန့် သုံးစွဲရန် လျာထားပြီး လိုအပ်ပါက ထပ်မံဖြည့်စွက်သုံးစွဲရန်။

(ဃ) **ရေအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စွန့်ပစ်ရေတွင် အက်စစ်ဓာတ်မြင့်မားမှုအား စစ်ဆေးတွေ့ရှိပါက ထုံး (Lime) အသုံးပြု၍ ဓာတ်ပြယ်စေပြီးမှ စွန့်ပစ်ခြင်း၊ ပြန်လည်အသုံးပြုခြင်းအား ဆောင်ရွက်ရန်၊

(၂) ဝန်ထမ်းများ၏ ရေချိုးခန်း၊ ရေအိမ်များမှ ထွက်ရှိလာသော အညစ်အကြေးများ၊ စားသောက်ဆောင်မှ ထွက်လာသော အညစ်အကြေးများ၊ ရေဆိုးများအား WHO ၏ သတ်မှတ်ထားသော စံချိန်များနှင့်အညီ စွန့်ပစ်သည့် နည်းစနစ်များ တည်ဆောက်၍ အသုံးပြုရန်၊

(၃) ခဲသတ္တုတူးဖော်ထုတ်လုပ်ရာတွင် မြေပေါ်ရေစီမ့်ထွက်ခြင်းနှင့် မြေအောက်ရေ ထွက်ရှိနိုင်ခြင်းကြောင့် ထွက်ရှိလာမည့် စွန့်ပစ်ရေကို ရေစစ်ကန်များ ပြုလုပ်၍ ထိန်းသိမ်းပြီး၊ နောက်ဆုံးရေစစ်ကန်မှ ရေကြည်အား ပြန်လည်အသုံးပြုသည့် စနစ်ဖြင့် ပြန်လည်အသုံးပြုရန် စီစဉ်ဆောင်ရွက်ရန်၊

(၄) စွန့်ပစ်ရေနှင့်ရေဆိုးများ စီမံခန့်ခွဲခြင်းလုပ်ငန်းစဉ်အတွက် အလုပ်သမား လစာပေးခြင်း၊ စက်ပစ္စည်းကိရိယာများဝယ်ယူခြင်းနှင့် ဓာတ်ခွဲစမ်းသပ်ခြင်း အပါအဝင် တစ်နှစ်လျှင် ငွေကျပ် (၄) သိန်းခန့် သုံးစွဲရန်လျာထားပြီး လိုအပ်ပါက ထပ်မံဖြည့်စွက် သုံးစွဲရန်။

(င) **မြေအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အပေါ်ယံမြေဆီလွှာများအား စနစ်တကျစုပုံထားရှိပြီး မိုင်းပိတ်သိမ်းသည့် အချိန်တွင် စနစ်တကျ မြေပြန်ဖို့၍ မန်တုံမြို့နယ်၊ သစ်တောဦးစီးဌာန၏

လမ်းညွှန်မှုနှင့်အညီ ဒေသနှင့် ကိုက်ညီသင့်လျော်သော သစ်ပင်များအား ပြန်လည်စိုက်ပျိုးရန်အတွက် ဆောင်ရွက်ရန်၊

(၂) မြေပေါ်ဟင်းလင်းဖွင့်သတ္တုတွင်းများ၏ လုပ်ကွက်ကမ်းပါးယံတစ်လျှောက် ဖြတ်သန်းဖောက်လုပ်ထားသော လမ်းများအား ရေတိုက်စားမှု၊ မြေပြိုကျမှုများ မရှိစေရေးအတွက် ထိန်းသိမ်းရေးအစီအမံများကို ကြိုတင်၍ ဆောင်ရွက်ထားရှိရန်နှင့် မိုးရာသီကာလအတွင်းလမ်း (Haul Road) များကို နေ့စဉ်စစ်ဆေးကြပ်မတ်ဆောင်ရွက်ရန်၊

(၃) မိုးရေကြောင့် ကမ်းပါးယံပြိုကျနိုင်သည့် လမ်းကြောင်းများ၊ မြေကျွံနိုင်သည့် ဧရိယာများတွင် မဝင်ရဧရိယာသတ်မှတ်ပြီး ဝင်ရောက်အလုပ်လုပ်ကိုင်ခြင်းကို တားမြစ်ခြင်း၊ တားဆီးခြင်းသတိပေးဆိုင်းဘုတ်များ စိုက်ထူထားရှိ ဆောင်ရွက်ရန်၊

(၄) မြေအရည်အသွေးနှင့်ပတ်သက်၍ စီမံခန့်ခွဲခြင်းလုပ်ငန်းစဉ်အတွက် အလုပ်သမားလစာပေးခြင်း၊ စက်ကိရိယာများဝယ်ယူခြင်းနှင့် မြေဆီလွှာအရည်အသွေးစစ်ဆေးခြင်းလုပ်ငန်းများအတွက် တစ်နှစ်လျှင် ငွေကျပ် (၄) သိန်းခန့် သုံးစွဲရန်လျာထားပြီး လိုအပ်ပါက ထပ်မံဖြည့်စွက်သုံးစွဲရန်။

(စ) **ဆူညံသံစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ညအချိန်တွင် အင်ဂျင်စက်ငယ်တချို့၏ ဆူညံသံအနည်းငယ် ဖြစ်ပေါ်လာနိုင်သော်လည်း စက်များမှ ထွက်ရှိသည့်အသံကို စုပ်ယူနိုင်သည့် အသံလုံစနစ်များ တပ်ဆင်ထားခြင်းဖြင့် ကာကွယ်ထိန်းသိမ်းရန်၊

(၂) လုပ်ငန်းခွင်၌ လုပ်သားများအတွက် နားကြပ်ကိရိယာများ တပ်ဆင်စေခြင်းဖြင့် အသံဆူညံမှုကို ကာကွယ်ရန်၊

(၃) ယမ်းခွဲသည့်လုပ်ငန်း ဆောင်ရွက်ချိန်တွင် သတ္တုတွင်းလုပ်သားများအား ကြိုတင်အသိပေး၍ နားကြပ်ကိရိယာများ တပ်ဆင်ခြင်းကို ဆောင်ရွက်ရန်၊

(၄) ဆူညံသံနှင့် တုန်ခါမှုအားစီမံခန့်ခွဲခြင်း လုပ်ငန်းစဉ်အတွက် အလုပ်သမားလစာပေးခြင်း၊ စက်ပစ္စည်းကိရိယာများ ဝယ်ယူခြင်းအပါအဝင် တစ်နှစ်လျှင် ငွေကျပ် (၃) သိန်းခန့် သုံးစွဲရန် လျာထားပြီး လိုအပ်ပါက ထပ်မံဖြည့်စွက်အသုံးပြုရန်။

(ဆ) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု။** တစ်ဖက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) တူးဖော်ထုတ်လုပ်သည့်ကာလတွင် အပေါ်ယံမြေဆီလွှာ၊ စွန့်ပစ်မြေစာနှင့် စွန့်ပစ်ရေ ထွက်ရှိခြင်းကြောင့် ပတ်ဝန်းကျင်အား ထိခိုက်စေနိုင်သော်လည်း အပေါ်ယံ မြေဆီလွှာနှင့် စွန့်ပစ်မြေစာများအား စုပုံကွင်းတည်ဆောက်၍ စနစ်တကျစုပုံခြင်းတို့ကို ဆောင်ရွက်ရန်၊

(၂) စွန့်ပစ်အမှိုက်များကိုလည်း ကျင်းတူး၍ စနစ်တကျစွန့်ပစ်ခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများ ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ရန်၊

(၃) စွန့်ပစ်ပစ္စည်း၊ စွန့်ပစ်ရေနှင့် ရေဆိုးများစီမံခန့်ခွဲခြင်းလုပ်ငန်းစဉ်အတွက် အလုပ်သမားလစာပေးခြင်း၊ စက်ပစ္စည်းကိရိယာများ ဝယ်ယူခြင်းအပါအဝင် တစ်နှစ်လျှင် ငွေကျပ် (၄) သိန်းခန့် သုံးစွဲရန် လျာထားပြီး လိုအပ်ပါက ထပ်မံဖြည့်စွက်သုံးစွဲရန်။

(ဈ) **ဇီဝမျိုးစုံမျိုးကွဲများ စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ခဲသတ္တုတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းကြောင့် ဇီဝမျိုးစိတ်များ ပျက်သုဉ်းခြင်း မရှိစေရန်၊ စီမံကိန်းဝန်ထမ်းများအား ဇီဝမျိုးစိတ်များ သတ်ဖြတ်စားသောက်ခြင်းအား တင်းကြပ်စွာတားမြစ်ထားရန်၊

(၂) ဇီဝမျိုးကွဲများထိန်းသိမ်းခြင်း လုပ်ငန်းစဉ်အား ဆောင်ရွက်မည့်အဖွဲ့အစည်းထားရှိရန်၊

(၃) ဇီဝမျိုးကွဲများထိန်းသိမ်းခြင်းလုပ်ငန်းစဉ်အတွက် အလုပ်သမားလစာပေးခြင်းနှင့် စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းလုပ်ငန်းအတွက် တစ်နှစ်လျှင် ငွေကျပ် (၁) သိန်းခန့်သုံးစွဲရန်နှင့် လိုအပ်ပါကထပ်မံဖြည့်စွက် အသုံးပြုရန်။

(ည) **ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းခွင်အနေအထားအရ လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် ဘေးအန္တရာယ်သတိပေးဆိုင်းဘုတ်များ သိသာမြင်သာသည့်နေရာများတွင် တပ်ဆင်ထားရန်၊

(၂) လုပ်ငန်းခွင်အတွင်း ပင်ပန်းနွမ်းနယ်မှုနည်းပါးစေရန် လုပ်ငန်းချိန်ကို လိုသည်ထက်မပိုအောင် တားမြစ်ထားရန်၊

(၃) လုပ်သားဝန်ထမ်းများအားလုံး လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် ဘေးအန္တရာယ်ကာကွယ်ဝတ်စုံများ ဝတ်ဆင်အသုံးပြုစေပြီး ပုံမှန်စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်ရန်၊

(၄) လုပ်ငန်းဌာများအားလုံးတွင် (First Aid Kid) ကြက်ခြေနီဆေးပုံးများထားရှိရန်၊

(၅) သဘာဝဘေးအန္တရာယ်ကျရောက်ပါက လုပ်ဆောင်ရမည့် ကယ်ဆယ်ရေး လုပ်ငန်းများအား စီမံချက်များ ရေးဆွဲစီမံထားခြင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများ အတွက် လိုအပ်သောပစ္စည်းကိရိယာများ စုဆောင်းထားခြင်း၊ အရေးပေါ် ကယ်ဆယ်ရေးဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်သော ရှေးဦးသူနာပြု ပြုစု နည်းများနှင့် အသက်ကယ်နည်းတို့အား ဇာတ်တိုက်လေ့ကျင့် သင်ကြားပေးရန်။

(ည) **အရေးပေါ်အခြေအနေတုံ့ပြန်ရေးအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက် ရမည်-

(၁) လုပ်ငန်းခွင်အတွင်း အရေးပေါ်အခြေအနေ ဖြစ်ပေါ်လာပါက တုံ့ပြန်နိုင်ရေး စီမံချက်များချမှတ်ပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊

(၂) လုပ်ငန်းခွင်အတွင်း အရေးပေါ်အခြေအနေ ဖြစ်ပေါ်လာပါက ကယ်ဆယ်ရေး လုပ်ငန်းများ လုပ်ဆောင်နိုင်ရန် အရေးပေါ်ကယ်ဆယ်ရေး ဖွဲ့စည်းထားရန်၊

(၃) အရေးပေါ်အခြေအနေတွင် ဝန်ထမ်းများ ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် ဝန်ထမ်းများအား အခြေခံရှေးဦးသူနာပြုစုခြင်း သင်တန်းများ ပို့ချသွားရန်။

(ဋ) **မြေအောက်လေပြတ်တောက်ခြင်းမရှိစေရေးဆောင်ရွက်မည့်အစီအစဉ်။** အောက်ပါ အတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မြေအောက်သတ္တုတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် လေပြတ်လပ်မှု မရှိ စေရေးအတွက် ပုံမှန်လေပေးစက် (၁) လုံးနှင့် အရေးပေါ်အခြေအနေတွင် အသုံးပြုရန် လေပေးစက် (၁) လုံး တပ်ဆင်အသုံးပြုရန်၊

(၂) မြေအောက်သတ္တုတွင်း ကြွံခိုင်မှုမရှိစေရေးအတွက် ဒေါက်တိုင်များတွင် အရည် အသွေးပြည့်မီသည့်ပစ္စည်းများ အသုံးပြု၍ အပတ်စဉ်စစ်ဆေးရန်။

(ဌ) **စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်။** စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေးစောင့်ကြပ်စစ်ဆေးခြင်းအား (၆) လ တစ်ကြိမ် CO, NO, $NO_2$, PM (2.5), PM (10), PH%, $SO_2$, TmpC တို့ကို စီမံကိန်း

စတင်သည့်ကာလမှ မိုင်းပိတ်သိမ်းပြီးကာအထိ လုပ်ကွက်အတွင်း (၁) နေရာတွင် တိုင်းတာစစ်ဆေးရန်၊

(၂) အသံဆူညံမှုစောင့်ကြပ်စစ်ဆေးခြင်းအား (၆) လတစ်ကြိမ် စီမံကိန်း စတင်သည့်ကာလမှ မိုင်းပိတ်သိမ်းပြီးကာအထိ လုပ်ကွက်အတွင်း (၁) နေရာတွင် တိုင်းတာစစ်ဆေးရန်၊

(၃) စွန့်ပစ်ရေအရည်အသွေးစောင့်ကြပ်စစ်ဆေးခြင်းအား (၆) လ တစ်ကြိမ် Arsenic, Cadmium, Chemical oxygen demand, Chromium (hexavalent), Copper, Cyanide, Cyanide (free), Cyanide (weak acid dissociable), Iron (total), Lead, Mercury, Nickel, pH, Temperature, Total suspended solids, Zinc တို့ကို စီမံကိန်းစတင်သည့်ကာလမှ မိုင်းပိတ်သိမ်းပြီးကာအထိ လုပ်ကွက်အတွင်း (၁) နေရာတွင် တိုင်းတာစစ်ဆေးရန်၊

(၄) ရေထုအရည်အသွေးစောင့်ကြပ်စစ်ဆေးခြင်းအား (၆) လ တစ်ကြိမ် Arsenic, Cadmium, Chemical oxygen demand, Chromium (hexavalent), Copper, Cyanide, Cyanide (free), Cyanide (weak acid dissociable), Iron (total), Lead, Mercury, Nickel, pH, Temperature, Total suspended solids, Zinc တို့ကို စီမံကိန်းစတင်သည့်ကာလမှ မိုင်းပိတ်သိမ်းပြီးကာလအထိ လုပ်ကွက်ပြင်ပ (၂) နေရာတွင် တိုင်းတာ စစ်ဆေးရန်၊

(၅) မြေထုအရည်အသွေးစောင့်ကြပ်စစ်ဆေးခြင်းအား (၆) လ တစ်ကြိမ် Arsenic, Cadmium, Lead, Mercury တို့ကို စီမံကိန်းစတင်သည့်ကာလမှ မိုင်းပိတ်သိမ်းပြီး ကာလအထိ လုပ်ကွက်အတွင်း (၁) နေရာတွင် တိုင်းတာစစ်ဆေးရန်။

(ဍ) **တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်းများ။** ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း အစီရင်ခံစာ၏ စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်နှင့် မိုင်းပိတ်သိမ်းခြင်းအစီအစဉ်အတွက် တာဝန်ယူ ဆောင်ရွက်မည့်အဖွဲ့အစည်းတို့အား အစီရင်ခံစာ၌ ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်း ဆောင်ရွက်ရမည်။

(ဎ) **အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်း။** စီမံကိန်းအဆိုပြုသူသည် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးရေးလုပ်ငန်းစဉ်ကို အတည်ပြုအစီရင်ခံစာ ကတိကဝတ်နှင့်အညီ စဉ်ဆက်မပြတ်ဆောင်ရွက်ရမည်။

(ဏ) **လျာထားအသုံးစရိတ်။** ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအတွက် အသုံးပြုမည့် လျာထားအသုံးစရိတ်အား အောက်ပါကတိကဝတ်အတိုင်း ဆောင်ရွက်ရန်နှင့် လိုလောက်မှုမရှိပါက ထပ်မံဖြည့်တင်းဆောင်ရွက်ရမည်-

(၁) စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်အတွက် လျာထားအသုံးစရိတ်မှာ ကျပ် (၂၇)သိန်းခန့် လျာထားသုံးစွဲရန်၊

(၂) ထိခိုက်မှုလျော့ပါးရေးအစီအစဉ်အတွက် လျာထားအသုံးစရိတ်မှာ ကျပ် (၂၃) သိန်းခန့် လျာထားသုံးစွဲရန်၊

(၃) အရေးပေါ်ကာကွယ်ရေးအစီအစဉ်အတွက် လျာထားအသုံးစရိတ်မှာ ကျပ် (၇၅) သိန်းခန့် လျာထားသုံးစွဲရန်၊

(၄) လူမှုတာဝန်ဆောင်ရွက်ခြင်းအစီအစဉ် (CSR Plan) အတွက် လျာထား အသုံးစရိတ်မှာ ကျပ်သိန်း (၃၅၀) ခန့် လျာထားသုံးစွဲရန်၊

(၅) လုပ်ငန်းခွင်နှင့်ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်အတွက် လျာထား အသုံးစရိတ်မှာ ကျပ် (၈) သိန်းခန့် လျာထားသုံးစွဲရန်၊

(၆) အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်း အစီအစဉ်အတွက် လျာထား အသုံးစရိတ်မှာ ကျပ်သိန်း (၅၀) ခန့် လျာထားသုံးစွဲရန်၊

(၇) မိုင်းပိတ်သိမ်းခြင်းအစီအစဉ်အတွက် လျာထားအသုံးစရိတ်မှာ ကျပ်သိန်း (၂၀၀) ခန့် လျာထားသုံးစွဲရန်၊

(၈) စိုက်ခင်းတည်ထောင်ခြင်းအစီအစဉ်အတွက် လျာထားအသုံးစရိတ်မှာ ကျပ် (၆) သိန်းခန့် လျာထားသုံးစွဲရန်၊

(၉) စွမ်းဆောင်ရည်မြင့်တင်ခြင်းသင်တန်းများ အစီအစဉ်အတွက် လျာထား အသုံးစရိတ်မှာ ကျပ် (၆) သိန်းခန့် လျာထားသုံးစွဲရန်။

(တ) **မိုင်းပိတ်သိမ်းခြင်းစီမံခန့်ခွဲမှုအစီအစဉ်**နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ဖော်ပြထားပါသည်-

(၁) တူးဖော်သည့်လုပ်ငန်းစတင်ချိန်မှစ၍ Top Soil နှင့် Tailing များအား Dumping Site များတွင် စနစ်တကျစုပုံထားရှိရန်၊

(၂) အပေါ်ယံမြေဆီလွှာအား (၅၀'×၅၀'×၆') ရှိစုပုံကွင်းတွင် သီးခြားစုပုံထားရှိမည်ဖြစ်ပြီး သတ္တုတွင်းပိတ်သိမ်းချိန်တွင် ပြန်လည်ဖြည့်တင်းနိုင်ရန် အသုံးပြုရန်၊

(၃) မြေသားပြိုကျနိုင်သောနံရံများ၊ တောင်စောင်းများရှိနေပါက သစ်ပင်များ စိုက်ပျိုး၍ မြေထိန်းခြင်း ပြုလုပ်မည်ဖြစ်ပြီး လိုအပ်လာပါက မြေထိန်းနံရံများ ပြုလုပ်ရန်၊

(၄) စီမံကိန်းပြီးစီးချိန်တွင် ဆောက်လုပ်ထားသော အဆောက်အဦးများအား ဖျက်သိမ်း သယ်ယူခြင်း၊ ယာဉ်စက်ယန္တရားများအား အခြားစီမံကိန်းသို့ ပြောင်းရွှေ့ခြင်း၊ လူ့အသုံးအဆောင်ပစ္စည်း၊ စွန့်ပစ်ပစ္စည်းများအား တွင်းတူး၍ မြှုပ်ခြင်းများ ပြုလုပ် ဆောင်ရွက်ရန်၊

(၅) တူးဖော်ထုတ်လုပ်မှုဆောင်ရွက်ပြီး ပြုပြင်ထိန်းသိမ်းထားသည့် သဘာဝ ပတ်ဝန်းကျင် အခြေအနေများအား ပိတ်သိမ်းပြီး စောင့်ကြည့်ကာလ (၅) နှစ် အတွင်း ရန်ပုံငွေထားရှိ၍ စောင့်ကြည့်ဆောင်ရွက်ရန်၊

(၆) သတ္တုတွင်းပိတ်သိမ်းပြီး ပြုပြင်ထိန်းသိမ်းထားသည့် သဘာဝပတ်ဝန်းကျင် အခြေအနေများအား ပိတ်သိမ်းပြီးကာလ (၅) နှစ်အထိ ရန်ပုံငွေထား၍ စောင့်ကြပ်ကြည့်ရှုသွားရန်၊

(၇) စီးပွားဖြစ် ခတ်သတ္တုထုတ်လုပ်မှု လုပ်ငန်းမပြီးဆုံးမီ (၁) နှစ်ထက် နောက်မကျစေဘဲ အပြီးသတ်ပိတ်သိမ်းခြင်းအစီအစဉ်ကို ဝန်ကြီးဌာန သို့မဟုတ် ဦးစီးဌာနသို့ တင်ပြပြီး အတည်ပြုချက်ရရှိပါက အပြီးသတ် ပိတ်သိမ်းမှုလုပ်ငန်းများ ဆောင်ရွက်ရန်။

**ပတ်ဝန်းကျင်နှင့်လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာလိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များ**

၇။ စီမံကိန်းအဆိုပြုသူသည် အထက်အပိုဒ် (၆) တွင် ဖော်ပြထားသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်အရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကတိကဝတ်များအပြင် အောက်ဖော်ပြပါ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝ လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ပါ စည်းကမ်းသတ်ချက်များ။**

အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှု ဆိုင်ရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာမဟာဗျူဟာ၊ မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းစဉ် (၂၀၁၈-၂၀၃၀)၊ မြန်မာနိုင်ငံ အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၂၀)တို့နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စွန့်ပစ်ပစ္စည်းများအား သက်ဆိုင်ရာက စွန့်ပစ်ပစ္စည်းစုပုံစွန့်ပစ်ရန် သတ်မှတ် ထားသော နေရာများတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်ဆောင်ရွက်ရန်၊

(၂) စီမံကိန်းမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းများအား စီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးနိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာ မှတ်တမ်း ပုံစံထားရှိဆောင်ရွက်ရန်၊

(၃) စီမံကိန်းမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုအတွက် အစဉ် လည်ပတ်နေသည့် ရန်ပုံငွေထားရှိဆောင်ရွက်ရန်၊

(၄) အမှိုက်များအား မီးရှို့ဖျက်စီး၍ ဆောင်ရွက်ခြင်းမပြုဘဲ မြေကျင်းများတူး၍ စနစ်တကျ စွန့်ပစ်ရန်နှင့် လုပ်ငန်းဆောင်ရွက်ရာတွင် အသုံးပြုသော စက်သုံးဆီ၊ ချောဆီ၊ အင်ဂျင်ဝိုင်များကို ယိုဖိတ်မှုနည်းစေရန်နှင့် ပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရန် စနစ်တကျ အလေအလွင့် အနည်းဆုံးဖြစ်အောင် သုံးစွဲရန် နှင့်မြေပေါ်၌ စွန့်ပစ်ခြင်း မရှိရန်၊

(၅) မိုးရာသီ မိုးရွာသွန်းစဉ် စွန့်ပစ်မြေစာပုံမှ မြေတိုက်စား၍နုန်းအနည်အနှစ်များ အနီး ပတ်ဝန်းကျင်သို့ ရေစီးကြောင်းနှင့်အတူ မျောပါခြင်းမရှိစေရန်အတွက် လုံလောက်သော အနည်စစ်ကန်များအဆင့်ဆင့် ထားရှိဆောင်ရွက်ရန်၊

(၆) စုပုံထားသော အပေါ်ယံမြေဆီလွှာများကို မိုးရေနှင့်အတူ မျောပါမှုမရှိစေရန် မြေထိန်းနံရံ (Retaining Wall) တည်ဆောက်ခြင်းနှင့် မိုးကာများ ဖုံးအုပ်ခြင်း တို့ကို ပြုလုပ်ပေးရန်၊

(၇) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍** အောက်ပါအတိုင်း ဆောင်ရွက်ရန်-

(ကက) စီမံကိန်းမှ ထွက်ရှိလာမည့် ပလတ်စတစ်စွန့်ပစ္စည်းများ၊ မိလ္လာ အညစ်အကြေးများ၊ ဓာတုဗေဒစွန့်ပစ်ပစ္စည်းများ၊ စက်မှုလုပ်ငန်း များမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအား စနစ်တကျစွန့်ပစ် ရန်နှင့် လေဟာပြင်မီးရှို့မှုပပျောက်ရေး ဆောင်ရွက်ရန်၊

(ခခ) စွန့်ပစ်ပစ္စည်းများအား သက်ဆိုင်ရာက စွန့်ပစ်ပစ္စည်းစုပုံစွန့်ပစ်ရန် သတ်မှတ်ထားသော နေရာများတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်ဆောင်ရွက်ရန်၊

(ဂဂ) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့် ပစ်ခြင်းတို့နှင့်ပတ်သက်၍ ပြန့်ကျဲထွက်ကျမှု၊ အနံ့အသက်ဆိုး များ ထွက်ရှိမှု၊ ဆူညံမှု၊ တုန်ခါမှုတို့မရှိစေရေး လိုက်နာဆောင်ရွက် ရန်၊

(ဃဃ) စီမံကိန်းမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ် ပစ္စည်းများ စီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှုစစ်ဆေး

နိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာ မှတ်တမ်းပုံစံထားရှိဆောင်ရွက်ရန်၊

(ငင) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအတွက် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေသော စီမံခန့်ခွဲမှုစနစ်ကို တိုးမြှင့်ဆောင်ရွက်ရန်၊

(စစ) စီမံကိန်းမှထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်၍ ထွက်ရှိမှုလျှော့ချခြင်း၊ ပြန်လည်သုံးစွဲခြင်း၊ ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်းဖြင့် စွန့်ပစ်ပစ္စည်းထွက်ရှိမှုများကို ကာကွယ်ဆောင်ရွက်ရန်၊

(ဆဆ) စီမံကိန်းမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုအတွက် အစဉ်လည်ပတ်နေသည့် ရန်ပုံငွေထားရှိဆောင်ရွက်ရန်။

(ခ) **စံချိန်စံညွှန်းစည်းကမ်းချက်များ။** စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေး၊ ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်းရေဆိုးများနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) ဆူညံသံအတွက် စီမံကိန်းဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့်နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု 3 dBA ထက်မကျော်လွန်စေရေး လိုက်နာဆောင်ရွက်ရန်နှင့် မည်သည့်ဖောက်ခွဲမှုတွင်မဆို 120 dB Linear ထက်မကျော်လွန်စေရန်၊ မြေတုန်ခါ မှုအတွက် 5mm/s (Peak Particle Velocity–ppv)ထက်မကျော်လွန်စေရန်နှင့်ဖောက်ခွဲခြင်းကိုနေ့အလင်းရောင် ရှိသည့်အချိန်တွင်သာ ပြုလုပ်ရန်၊

(၃) စွန့်ထုတ်အရည်အသွေးနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက် အပိုဒ် ၂.၇.၂ ပါ Parameter များတိုင်းတာ၍ သတ်မှတ်ချက်နှင့်အညီ သန့်စင်ပြီးမှ စွန့်ထုတ်ရန်၊

(၄) စီမံကိန်းအဆိုပြုသူသည် သစ်တောဦးစီးဌာနနှင့် သတ္တုတွင်းဦးစီးဌာနတို့မှ ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရန်။

(ဂ) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲရေးဆိုင်ရာ စည်းကမ်းချက်များ။** ဇီဝမျိုးစုံမျိုးကွဲ စီမံခန့်ခွဲမှု အစီအစဉ်နှင့်စပ်လျဉ်း၍ အလုပ်သမားများမှ တောရိုင်းတိရိစ္ဆာန်များအား ဖမ်းဆီးခြင်း၊ ဝယ်ယူခြင်း၊ တရားမဝင်သစ်ခုတ်ခြင်းများမရှိစေရေး ကြပ်မတ်ဆောင်ရွက်ရမည်။

(ဃ) **ကျန်းမာရေးနှင့်လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရေးဆိုင်ရာစည်းကမ်းချက်များ။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် မြန်မာ့သတ္တုတွင်းဥပဒေ၊ ပုဒ်မ (၁၃)၊ သတ္တုတွင်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၄၇ နည်းဥပဒေခွဲ (ဃ)၊ ၁၇၀ နည်းဥပဒေခွဲ (ဂ)၊ ၁၇၄၊ ၁၇၆၊ ၁၇၇၊ ၁၇၈၊ ၁၈၀၊ ၁၈၁၊ ၁၈၄၊ နည်းဥပဒေခွဲ (ခ) တို့နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အဦ၊ အလုပ်အကိုင်ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးတို့ဆောင်ရွက်ရန်နှင့် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးတို့အား ဆောင်ရွက်ပေးရန်၊

(၃) ယမ်းဖောက်ခွဲသည့်အချိန်တွင် မိုင်းလုပ်သားများ အကြားအာရုံထိခိုက်မှု မရှိစေရေးအတွက် မိုင်းလုပ်သားများအား PPE ထောက်ပံ့ပေးရန်၊

(စ) **ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးရေးဆိုင်ရာ စည်းကမ်းချက်များ။** စီမံကိန်းအဆိုပြုသူသည် ဒေသခံများနှင့်တိုင်ပင်ဆွေးနွေးရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) တည်ဆောက်ရေးကာလအတွင်း ယာဉ်သွားလာမှုလမ်းကြောင်းများ၊ ယာဉ်သွားလာမှုကြောင့်ဖြစ်နိုင်သော အနှောက်အယှက်များ၊ ပတ်ဝန်းကျင်သာယာမှုအပေါ် ထိခိုက်မှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဒေသခံများသို့ ကြိုတင်အသိပေးရန်၊

(၂) ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှုဖြေရှင်းရေး လုပ်ငန်းစဉ်များကို လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်သွားရန်။

(ဆ) **မိုင်းပိတ်သိမ်းခြင်းဆိုင်ရာ စည်းကမ်းချက်များ။** မိုင်းပိတ်သိမ်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မိုင်းပိတ်သိမ်းခြင်းလုပ်ငန်းများကို အစီရင်ခံစာတွင် ဖော်ပြထားသည့် သတ္တုတွင်းပိတ်သိမ်းရာ၌ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအတိုင်း လုပ်ငန်းစတင် ဆောင်ရွက်စဉ်ကပင် ကြိုတင်စီစဉ်ထားရှိ လိုက်နာဆောင်ရွက်ရန်နှင့် စီမံကိန်းအဆိုပြုသူသည် မြန်မာ့သတ္တုတွင်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၈၆ နည်းဥပဒေခွဲ (ဃ) ပါ ပြဋ္ဌာန်းချက်နှင့် အညီပိတ်သိမ်းရန် စီစဉ်ထားသည့်အချိန်မတိုင်မီ (၁) နှစ်ထက် နောက်မကျစေဘဲ အပြီးသတ် ပိတ်သိမ်းခြင်း အစီအစဉ်ကို တင်ပြရန်၊

(၂) စီမံကိန်းကြောင့် ပျက်စီးသွားသည့်နေရာများတွင် ဒေသနှင့်ကိုက်ညီသည့် သစ်ပင်များ ပြန်လည်စိုက်ပျိုးရန်နှင့် ရှင်သန်ကြီးထွားသည်အထိ အစီရင်ခံစာ၌ ဖော်ပြထားသည့် ကတိကဝတ်အတိုင်း တာဝန်ယူကြီးကြပ်ဆောင်ရွက်ရန်၊

(၃) ခွင့်ပြုလုပ်ကွက်အတွင်း၌ ဆက်လက်တူးဖော်ခြင်းမပြုတော့ပါက တူးဖော်ထားသည့် နေရာများအား သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း၏ လမ်းညွှန်ချက်နှင့်အညီ မြေညှိခြင်း၊ မြေပြုပြင်ခြင်း၊ အပေါ်ယံမြေဆီလွှာများ ဖုံးအုပ်ခြင်း၊ တစ်ကေလျှင် ဒေသနှင့်ကိုက်ညီသော နှစ်ရှည်ပင် (၂၀၀) ထက်မနည်း စိုက်ပျိုးခြင်းနှင့်အပင်များ ရှင်သန်ကြီးထွားသည်အထိ တာဝန်ယူဆောင်ရွက်ရန်။

(ဇ) **အစီရင်ခံတင်ပြခြင်းဆိုင်ရာ စည်းကမ်းချက်များ။** ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါကိစ္စရပ် များဖြစ်ပွားပါက ဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း ဖြစ်ပေါ်ပါက တင်ပြရန်၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှု ဖြစ်ပေါ်စေခဲ့သော (သို့မဟုတ်) ဖြစ်ပေါ်နေစေသော (သို့မဟုတ်) ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခု ဖြစ်ပွားခြင်း (သို့မဟုတ်) ထုတ်လွှတ်မှု ကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်း မရှိသည့်အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်း ဖြစ်ပေါ်ပါက တင်ပြရန်၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုး တစ်ခုခုကို ကျော်လွန်ခြင်း ဖြစ်ပေါ်ပါက တင်ပြရန်၊

(၄) ပတ်ဝန်းကျင်နှင့် သက်ရှိတို့၏ ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက် ရောက်မှုများဖြစ်ပေါ်ပါက တင်ပြရန်။

(၅) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ တင်ပြရာတွင် အောက်ပါအချက်များ ပြည့်စုံစွာ ပါဝင်တင်ပြရမည်-

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက်စာတမ်း အထောက်အထားများ၊

(ခခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှု အတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှုဇယားအတိုင်း ဆောင်ရွက်ရာတွင် အစီရင်ခံသည့် အချိန်အထိတိုးတက်မှု၊

(ဂဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့် အလားတူ အခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများ၊

(ဃဃ) ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့်အကြိမ်နှင့် အမျိုးအစား၊ အဆိုပြုသည့် ကုစားမှုဆောင်ရွက်ချက်များနှင့် ကုစားမှုပြီးမြောက်ရမည့် အချိန်သတ်မှတ်ချက်များ၊

(ငင) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်နှင့် စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များ၊

(စစ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရသတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာအတိုင်းအတာနှင့် စည်းကမ်းချက်များဆိုင်ရာ အချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှု။

(၆) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးအဆင့်လုပ်ငန်းများ ဆောင်ရွက်ပြီးနောက်တွင် စီမံကိန်း၏ လုပ်ငန်းခွင်ပြမြေပုံများ၊ လုပ်သားနေရာထိုင်ခင်းစီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤ ECCနှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း အထောက်အထားများပါဝင်သည့် စီမံကိန်း၏ အပြီးသတ်လုပ်ငန်းအစီအစဉ်များကို ကနဦးတင်ပြမည့် စောင့်ကြပ်ကြည့်ရှုမှု အစီအစဉ်နှင့်ပူးတွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရမည်။

(ဈ) **ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းကမ်းချက်များ။**

ယဉ်ကျေးမှုအမွေအနှစ်နှင့်စပ်လျဉ်း၍ စီမံကိန်းပိုင်ရှင်သည် လုပ်ငန်းများဆောင်ရွက်နေစဉ် စီမံကိန်းဧရိယာအတွင်း ယဉ်ကျေးမှုအမွေအနှစ်များဆိုင်ရာ အမှတ်အသားများ/အထိမ်းအမှတ်များ ရှေးဟောင်းဝတ္ထုပစ္စည်းတွေ့ရှိပါက အနီးဆုံးရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးထံမှတစ်ဆင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ဆက်သွယ်အကြောင်းကြားရမည်။

(ည) **လူမှုတာဝန်သိအစီအစဉ်ဆိုင်ရာ စည်းကမ်းချက်များ။** လူမှုတာဝန်သိအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့်ထိခိုက်ခံစားရသူများအား လက်ရှိ (သို့မဟုတ်) စီမံကိန်းမဆောင်ရွက်မီကာလထက်မနိမ့်ကျသော လူမှုစီးပွားရေးတည်ငြိမ်ခိုင်မာမှုရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် သက်မွေးဝမ်းကျောင်းလုပ်ငန်းများပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေးအစီအစဉ်များကို စီမံကိန်းကြောင့်ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလိုပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ (Community Development Plan) ဆောင်ရွက်ရာတွင်သက်ဆိုင်ရာဒေသရှိဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (Township Development Plans) များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့်စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏အကြံပြုချက်နှင့်လိုအပ်ချက်များအား အလေးထားပေါင်းစပ်ဆောင်ရွက်ရန်။

(ဋ) **အများပြည်သူသိရှိနိုင်ရေးဆိုင်ရာ စည်းကမ်းချက်များ။** စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို စီမံကိန်းနှင့်ဆက်စပ်ပတ်သက်သူများနှင့် အများပြည်သူများသိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့်ရေးသားဖော်ပြထားသော အကျဉ်းချုပ်အစီရင်ခံစာနှင့် လိုက်နာဆောင်ရွက်မည့် ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာကတိကဝတ်များအား ဖြန့်ဝေအသိပေးထုတ်ဖော်ကြေညာရမည်။

(ဌ) **စောင့်ကြပ်ကြည့်ရှုမှု အစီအစဉ်ဆိုင်ရာ စည်းကမ်းချက်များ။** စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်စပ်လျဉ်း၍ တစ်ဖက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စောင့်ကြပ်ကြည့်ရှုမည့် နယ်ပယ် (ရေ၊ လေ၊ ဆူညံသံ) များ၊ နည်းစနစ်များ၊ နမူနာစုဆောင်း ခြင်းနှင့် ဓါတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့်နေရာ၊ အကြိမ်အရေအတွက်၊ အချိန် ဇယားနှင့် မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်း စသည်တို့ကို ရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသို့ (၆) လ တစ်ကြိမ် တင်ပြရန်နှင့် အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက်မှ(၁၀) ရက်အတွင်း ထုတ်ဖော်ကြေညာရန်၊

(၂) အစီရင်ခံစာတွင် သတ်မှတ်ဖော်ပြထားသော ကန်ထရိုက်တာနှင့် သက်ဆိုင်သည့် စည်းကမ်းချက်များကို လည်းကောင်း၊ ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် ကုစားပြင်ဆင်ရေးလုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာဆောင်ရွက်ရန်နှင့် စောင့်ကြပ် ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့် ကတိကဝတ်အတိုင်း လိုက်နာ အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(၃) အစီရင်ခံစာတွင် ဖော်ပြထားသော ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံး ဖြစ်စေရေး ဆောင်ရွက်မည့်လုပ်ငန်း အစီအစဉ်များအတိုင်း အလေးထား လိုက်နာဆောင်ရွက်ရန်။

(၃) **ရန်ပုံငွေထားရှိမှုဆိုင်ရာ စည်းကမ်းချက်များ။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အတွက် အသုံးပြုမည့်လျာထားအသုံးစရိတ်ကိုအစီရင်ခံစာ၌ ဖော်ပြထားသည့်အတိုင်း ထားရှိသုံးစွဲရမည်-

(၁) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ၊ နည်းဥပဒေ ၂၉၊ ၃၀၊ ၃၁ အရ သဘာဝသယံဇာတများ ထုတ်ယူရောင်းဝယ်သုံးစွဲသည့်လုပ်ငန်းများမှ အကျိုး အမြတ်၏ တစ်စိတ်တစ်ပိုင်းကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်း ရန်ပုံငွေ သို့ထည့်ဝင်ရန်၊

(၂) သတ္တုတွင်းပိတ်သိမ်းခြင်းကို မြန်မာ့သတ္တုတွင်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၈၆ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို လိုက်နာဆောင်ရွက်ရန်နှင့် မြန်မာ့ သတ္တုတွင်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၈၂ နှင့်အညီ ပြန်လည်ထူထောင်ခြင်း လုပ်ငန်းများအတွက် ရန်ပုံငွေထူထောင်ထားရန်၊

(၃) ဓာတ်သတ္တုခွင့်ပြုမိန့်ရရှိသူအနေဖြင့် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများ အပေါ် အရည်အသွေးထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြန်မာ့ သတ္တုတွင်းနည်းဥပဒေများ နည်းဥပဒေ ၁၈၉၊ ၁၉၀၊ ၁၉၁၊ ၁၉၂၊ ၁၉၃

တို့နှင့်အညီ လိုက်နာဆောင်ရွက်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေ ထူထောင်ထားရှိရန်နှင့် လုပ်ငန်းများအတွက် ထည့်သွင်းဖော်ပြထားသည့် လျာထားအသုံးစရိတ်များနှင့်ပတ်သက်၍ သီးခြားငွေစာရင်း ဖွင့်လှစ်ထားသော အထောက်အထား အချက်အလက်ဖြင့် ထည့်သွင်းဖော်ပြရန်၊

(၄) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် အသုံးပြုမည့် လျာထားအသုံး စရိတ်များနှင့် စပ်လျဉ်း၍ စောင့်ကြပ်ကြည့်ရှုမှု အစီအစဉ်အတွက်လျာ ထားအသုံးစရိတ်မှာ ကျပ် (၂၇) သိန်းခန့် ဖြစ်ကြောင်း၊ ထိခိုက်မှုလျော့ပါးရေး အစီအစဉ်အတွက် လျာထားအသုံးစရိတ် မှာ ကျပ် (၂၃) သိန်းခန့်ဖြစ်ကြောင်း၊ အရေးပေါ်ကာကွယ်ရေးအစီအစဉ်အတွက် လျာ ထားအသုံးစရိတ်မှာ ကျပ် (၇၅) သိန်းခန့်ဖြစ်ကြောင်း၊လူမှုတာဝန်ဆောင်ရွက်ခြင်း အစီအစဉ် (CSR Plan) အတွက် လျာထားအသုံးစရိတ်မှာ ကျပ်သိန်း (၃၅၀) ခန့် ဖြစ် ကြောင်း၊ လုပ်ငန်းခွင်နှင့်ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်အတွက် လျာထားအသုံး စရိတ်မှာ ကျပ် (၈) သိန်းခန့်ဖြစ်ကြောင်း၊ အများပြည်သူနှင့် တိုင်ပင် ဆွေးနွေးခြင်း အစီအစဉ်အတွက် လျာထားအသုံးစရိတ်မှာ ကျပ်သိန်း (၅၀) ခန့်ဖြစ်ကြောင်း၊ မိုင်းပိတ် သိမ်းခြင်းအစီအစဉ်အတွက် လျာထားအသုံးစရိတ် မှာ ကျပ်သိန်း (၂၀၀) ခန့် ဖြစ်ကြောင်း၊ စိုက်ခင်းတည်ထောင်ခြင်း အစီအစဉ် အတွက် လျာထားအသုံးစရိတ်မှာ ကျပ် (၆) သိန်းခန့်ဖြစ်ကြောင်း၊ စွမ်းဆောင်ရည်မြင့်တင်ခြင်းသင်တန်းများ အစီအစဉ်အတွက် လျာထားအသုံး စရိတ်မှာ ကျပ် (၆) သိန်းခန့် လျာထားသုံးစွဲရန်။

**သက်သေခံလက်မှတ်ဆိုင်ရာစည်းကမ်းချက်များ**

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့်ပတ်သက်၍ တစ်ဖက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံ လက်မှတ်သက်တမ်းသည် ထုတ်ပေးသည့်နေ့ရက်မှစ၍ (၅)နှစ် ဖြစ်သည်။ စီမံကိန်း အဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်း မကုန်ဆုံးမီ ၆ လ ကြိုတင်၍ သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက်ထားရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ ၂ နှစ်အတွင်း စီမံကိန်း၏ အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက် ခြင်းကို စတင်ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း ၃၀ ထက် နောက်မကျစေဘဲ ဦးစီးဌာနသို့

စာဖြင့် သတင်းပို့အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ပါဝင်သော ဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်း မရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလမည်မျှ လိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့်ကာလအတွက် အချိန်တိုးပေးရန် တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေး သည့်ကိစ္စမှတစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်ရရှိပြီး ၂ နှစ်အတွင်း စီမံကိန်းကို ထိရောက်စွာ အကောင်အထည်ဖော်မှုအား စတင်ဆောင်ရွက်ခြင်းမပြုလျှင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အသစ်ပြုလုပ်တင်ပြရန်၊

(ဃ) စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအချက်များ တွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှ ပြင်ဆင်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို ပြန်လည်ပြင်ဆင်စေပြီး တင်ပြရန် ညွှန်ကြားပါက စီမံကိန်းအဆိုပြုသူက လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ်ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း သို့မဟုတ် လုံလောက်မှုမရှိခြင်း၊

(၂) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ ထိခိုက်မှုဖြစ်စေကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်း သိရှိနိုင်ရန် သတင်းအချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို မူလအတည်ပြုခဲ့သည့် အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်းမရှိသော ဆိုးကျိုးသက်ရောက်မှုများရှိခြင်း၊

(၄) စီမံကိန်း၏ဆိုးကျိုးသက်ရောက်မှုများသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီ အစဉ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်နှင့် စည်းကမ်းချက်များထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်း ခြင်းနှင့် အတည်ပြုခြင်းများအတွက် အခြေခံအချက်များ ထုတ်ဖော်ခဲ့စဉ်က မျှော်မှန်းထားသည့် ထိခိုက်မှုထက် ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံးရရှိနိုင်သော နည်းလမ်း အဓိပ္ပာယ်ဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုး သက်ရောက်မှုကို ထူးခြားစွာ လျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိသာသာ အပိုကုန်ကျစရိတ် မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချနိုင်ခြင်း၊

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံ လက်မှတ်တွင် သတ်မှတ်ထားသော နည်းလမ်းများ/ စည်းကမ်းချက်များ သည် ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ်နိုင်ခြင်း။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေဆိုင်ရာ စည်းကမ်းချက်များ**

၉။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရန်ပုံငွေနှင့် စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၃၀ နှင့်အညီ ညစ်ညမ်းမှု (ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း) ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတအသုံးပြုမှုနှင့် ဂေဟစနစ်ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ် ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီ၏ အတည်ပြုချက်ဖြင့် ဝန်ကြီးဌာနက သတ်မှတ်ပါက စီမံကိန်း အဆိုပြုသူမှ ငွေကြေးထည့်ဝင်ရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သတ္တုတွင်းနည်းဥပဒေ ၁၉၂ (က) အရ နိုင်ငံတော်ပိုင် ဘဏ်တစ်ခုခုတွင် ရန်ပုံငွေတစ်ရပ်ကို ထူထောင်ထားရှိရန်၊ ဝန်ကြီးဌာနသည် ပတ်ဝန်းကျင်နှင့် လူမှုစီးပွားထိခိုက်မှု သို့မဟုတ် ထိခိုက်ရန်အလားအလာရှိမှုများကို ကုစားပြင်ဆင်ရန် ချက်ချင်းဆောင်ရွက်သည့် လုပ်ငန်းများတွင် ထိုငွေရေးကြေးရေး အာမခံချက်ကိုအသုံးပြုရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေး အာမခံချက်များအားလုံးကို ဝန်ကြီး ဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်/ ပြင်ဆင်တောင်းခံပါက ထည့်ဝင်ရန်။

**အထွေထွေစည်းကမ်းချက်များ**

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လက်မှတ်ပါလုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံး လုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှု ပြုလုပ်ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့် အဆိုပြုထားသောလွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက် အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏အစိတ်အပိုင်းတစ်ရပ်ရပ်ကို အဆိုပြုထားသော လွှဲပြောင်းလက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်း အဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်း ပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက် ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများ အားလုံးတို့အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှု မရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။